# THAILAND

18 December 2015 - 6 January 2016

## MEDIA MONITORING REPORT #140

## ငြိမ်းချမ်းရေးနှင့်ပြန်လည်ရင်ကြားစေ့ရေး

### မြန်မာအစိုးရမှ “ဝ”နှင့်”မုန်းလ”အဖွဲ့များအားငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင်တက်ရောက်ရန်ဖိတ်ကြား

The Irrawaddy, 23 December 2015



အစိုးရမှမြန်မာနိုင်ငံ၏အကြီးဆုံးတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဖြစ်သည့်“ဝ”ပြည်ထောင်စုတပ်မတော်(UWSA)နှင့်အမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော်ဖြစ်သည့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်သော“ဝ”နှင့် “မုန်းလ” ခေါင်းဆောင်များအားဇန်နဝါရီလ(၂၂)ရက်နေ့၌ကျင်းပမည့်ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးပွဲညီလာခံသို့တက်ရောက်ရန်ဖိတ်ကြားလိုက်သည်။

UWSA သည်အောက်တိုဘာလ(၁၅)ရက်နေ့တွင်အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တို့အတွင်းတစ်နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးစာချုပ်ကိုလက်မှတ်ရေးထိုးရာတွင်မပါဝင်ခဲ့သည့်အဖွဲ့ဖြစ်သည်။

လက်မှတ်မထိုးသည့်အဖွဲ့များကိုလေ့လာသူအဖြစ်တက်ရောက်ရန်ကမ်းလှမ်းခဲ့ကြောင်းအစိုးရအကျိုးဆောင်ပြည်ထောင်စုငြိမ်းချမ်းရေးစင်တာ(MPC)မှအဆင့်မြင့်အဖွဲ့ဝင်တစ်ဦးကယခုတပတ်တွင်ဧရာဝတီသို့ပြောကြားခဲ့သည်။

**Link :** http://www.irrawaddy.com/burma/government-invites-wa-mongla-groups-to-peace-dialogue.html

### ဒေါ်အောင်ဆန်းစုကြည်မှ MPC ထိပ်ပိုင်းအရာရှိများနှင့်ဆွေးနွေးပွဲကျင်းပ

Eleven Media, 23 December 2015

ဒီဇင်ဘာလ(၂၃)ရက်နေ့တွင်နေပြည်တော်၌လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊နိုင်ငံရေးဆွေးနွေးမှုများနှင့်ပတ်သတ်၍အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌဖြစ်သူဒေါ်အောင်ဆန်းစုကြည်သည်သမ္မတရုံးမှပြည်ထောင်စုဝန်ကြီးဦးအောင်မင်းဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့များနှင့်တွေ့ဆုံစည်းဝေးကျင်းပခဲ့သည်။



NLD ဘက်မှတက်ရောက်သူများမှာ CEC အဖွဲ့ဝင်များဖြစ်သည့်ဝင်းထိန်နှင့်ဒေါက်တာဇော်မြင့်မောင်၊ ဗဟိုကော်မတီအဖွဲ့ဝင်ဖြစ်သည့်နိုင်ငံလင်း၊ ဖြိုးဇေယျာသော်နှင့် NLD ဥက္ကဋ္ဌရုံးတာဝန်ခံဒေါက်တာဝင်းမာအောင်တို့တက်ရောက်ကြပြီးMPCဘက်မှပြည်ထောင်စုဝန်ကြီးဦးအောင်မင်း၊တင်မောင်သန်း၊လှမောင်ရွှေ၊ဒေါက်တာမင်းဇော်ဦး၊ဒေါက်တာကျော်ရင်လှိုင်နှင့်အောင်နိုင်ဦးတို့တက်ရောက်ကြသည်။

**Link :** http://www.elevenmyanmar.com/politics/suu-kyi-hold-talks-top-officials-mpc

## ဒေါ်အောင်ဆန်းစုကြည်မှအပစ်ရပ်လက်မှတ်ရေးထိုးခဲ့သည့်အဖွဲ့(၈)ဖွဲ့နှင့်တွေ့ဆုံ

Myanmar Times, 18 December 2015

ဒေါ်အောင်ဆန်းစုကြည်မှသူမသည်တစ်နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးစာချုပ်လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင်အသိသက်သေအဖြစ်(သို့)ကိုယ်စားလှယ်အဖြစ်မတက်ရောက်ခဲ့သော်လည်းသူမ၏ပါတီသည်အပစ်အခတ်ရပ်စဲရေးလုပ်ငန်းစဉ်များကိုပံ့ပိုးကူညီပေးကြောင်းကိုအပစ်အခတ်ရပ်စဲရေးစာချုပ်တွင်လက်မှတ်ရေးထိုးခဲ့သည့်အဖွဲ့(၈)ဖွဲ့အားယမန်နေ့ကတွေ့ဆုံအားပေးပြောကြားခဲ့သည်။



Credit : Irrawaddy

အမျိုးသားဒီမိုကရေစီခေါင်းဆောင်သည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၈)မှကိုယ်စားလှယ်များနှင့်နေပြည်တော်ရှိလွှတ်တော်နေရာတွင်တွေ့ဆုံခဲ့သည်။

အစည်းအဝေးသို့ PLO ၊ ကရင်အမျိုးသားအစည်းအရုံး၊ KNU/ KNLA ငြိမ်းချမ်းရေးကောင်စီ ၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ ၊ ဒီမိုကရေစီအကျိုးပြုကရင့်တပ်မတော် ၊ ချင်းအမျိုးသားတပ်ဦး ၊ ရခိုင်လွတ်မြောက်ရေးပါတီနှင့်မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦးစသည်တို့မှကိုယ်စားလှယ်များတက်ရောက်ခဲ့ကြသည်။

ကြေငြာစာတမ်း၌ပါတီမှငြိမ်းချမ်းရေးလုပ်ငန်းစဉ်များလုပ်ဆောင်မှုနှင့်ပတ်သတ်၍အသေးစိတ်အနည်းငယ်ကိုသာဖော်ပြခဲ့သော်လည်း“အမျိုးသားရင်ကြားစေ့ရေး”သည်ပါတီ၏ထိပ်ဆုံးဦးစားပေးဖြစ်ကြောင်းNLDကပြောကြားခဲ့သည်။

**Link :** http://www.mmtimes.com/index.php/national-news/nay-pyi-taw/18200-daw-aung-san-suu-kyi-meets-eight-ceasefire-signatories.html

## ငြိမ်းချမ်းရေးဆွေးနွေးမှုများကိုဦးစားပေးလုပ်ဆောင်မည်ဖြစ်ကြောင်းဒေါ်အောင်ဆန်းစုကြည်မှပြောကြား

Bangkok post, 4 January 2016

သူမအစိုးရမှအာဏာရလာသောအခါနိုင်ငံ၏ပဋိပက္ခဖြစ်ပွားနေသည့်တိုင်းရင်းသားဒေသများတွင်ငြိမ်းချမ်းရေးရရှိအောင်ဦးစားပေးလုပ်ဆောင်မည်ဖြစ်ကြောင်းဒေါ်အောင်ဆန်းစုကြည်မှတနင်္လာနေ့တွင်ပြောကြားခဲ့သည်။



“ကျွန်မတို့ငြိမ်းချမ်းရေးရရှိအောင်တည်ဆောက်ရပါမယ်။ငြိမ်ချမ်းရေးတည်ဆောက်မှုဟာအစိုးရသစ်အတွက်အမြဲတမ်းအရင်ဦးဆုံးလုပ်ဆောင်ရမယ့်တာဝန်တစ်ရပ်ပါပဲ”ဟုတနင်္လာနေ့၌ရန်ကုန်ရှိပါတီဌာနချုပ်တွင်နိုင်ငံ၏လွတ်လပ်ရေးနေ့အခမ်းအနားပြုလုပ်သည့်အချိန်အတွင်းမိန့်ခွန်းပြောကြားရာ၌သူမကပြောကြားခဲ့သည်။

"တကယ့်စစ်မှန်ပြီးအကျိုးသက်ရောက်မှုရှိတဲ့ငြိမ်းချမ်းရေးညီလာခံကျင်းပပေးခြင်းအားဖြင့်အပစ်အခတ်ရပ်စဲရေးစာချုပ်မှာအားလုံးပါဝင်လာအောင်ကျွန်မတို့လုပ်ဆောင်ရပါမယ်"ဟုသူမကထပ်ပေါင်းပြောကြားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်မှသူမ၏ပါတီသည်အနာဂတ်ဖက်ဒရယ်ဝါဒကိုကူညီပံ့ပိုးပေးပြီးကိုယ်ပိုင်အုပ်ချုပ်ရေးရရှိရန်အတွက်ဆယ်စုနှစ်များစွာတိုက်ပွဲဝင်နေကြသောတိုင်းရင်းသားလူနည်းစုအဖွဲ့များရှိသည့်မြန်မာနိုင်ငံအတွက်သူမပါတီ၏ကြေငြာစာတမ်းတွင်တိုင်းရင်းသားရေးရာနှင့်ငြိမ်းချမ်းရေးကိုအဓိကကဏ္ဍအဖြစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

**Link :** http://www.bangkokpost.com/news/asean/815560/myanmar-suu-kyi-says-peace-talks-will-be-priority

## နိုင်ငံရေးဆွေးနွေးပွဲ၌အပစ်ရပ်စာချုပ်လက်မှတ်မထိုးသည့်အဖွဲ့များအတွက်နေရာထားရှိ

The Global New Light of Myanmar, 4 January 2016

အပစ်ရပ်စာချုပ်လက်မှတ်မရေးထိုးသည့်အဖွဲ့(၇)ဖွဲ့နှင့်အခြား(၃)ဖွဲ့အားလာမည့်ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးပွဲညီလာခံတွင်တက်ရောက်ရန်ဖိတ်ကြားခဲ့ပြီးနိုင်ငံ၏ပထမဦးဆုံးအကြိမ်ဖြစ်သည့်နိုင်ငံရေးနွေးပွဲ၌အထူးတက်ရောက်သူများအဖြစ်ထိုင်ခုံနေရာ(၅၀)ခွင့်ပြုချထားပေးပြီဖြစ်ကြောင်းကိုမြန်မာ့ငြိမ်းချမ်းရေးစင်တာမှအရာရှိတစ်ဦးကယမန်နေ့ကပြောခဲ့သည်။

"လက်မှတ်မထိုးတဲ့အဖွဲ့(၇)ဖွဲ့နဲ့အခြားအဖွဲ့(၃)ဖွဲ့ဖြစ်တဲ့"ဝ"အမျိုးသားအစည်းအရုံး(WNO) ၊ လားဟူဒီမိုကရက်တစ်ပြည်ထောင်စု(LDU) နဲ့ ရခိုင်အမျိုးသားကောင်စီစသည့်တို့ရဲ့ကိုယ်စားပြုတက်ရောက်မယ့်သူအယောက်(၅၀)ကညီလာခံကိုတက်ရောက်လိမ့်မယ်လို့မျှော်လင့်ပါတယ်"ဟုငြိမ်းချမ်းရေးစင်တာမှအဆင့်မြင့်အကြံပေးဖြစ်သူဦးလှမောင်ရွှေကသတင်းစာရှင်းလင်းပွဲတွင်ပြောကြားခဲ့သည်။

အစည်းအဝေးတွင်နေပြည်တော်၌ဇန်နဝါရီလ(၁၂)ရက်နေ့တွင်ကျင်းပမည့်ငြိမ်းချမ်းရေးညီလာခံ၌တက်ရောက်မည့်အပစ်ရပ်စာချုပ်လက်မှတ်ရေးထိုးထားသည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း(၈)ဖွဲ့မှကိုယ်စားလှယ်အယောက်(၁၅၀)အတွက်ထိုင်ခုံနေရာ(၁၅၀)ချထားပေးသည်။

**Link :** http://issuu.com/myanmarnewspaper/docs/3_jan_16_gnlm

## ဦးသိန်းစိန်အစိုးရမှနိုင်ငံရေးဆွေးနွေးပွဲကို(၅)ရက်ကြာကျင်းပမည်

Mizzima , 6 January 2015

ဦးသိန်းစိန်အစိုးရသည်တစ်နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးစာချုပ်(NCA)တွင်လက်မှတ်ရေးထိုးခဲ့သည့်တိုင်း =ရင်းသားလက်နက်ကိုင်အဖွဲ့(၈)ဖွဲ့နှင့်အတူနိုင်ငံရေးဆွေးနွေးပွဲကို(၅)ရက်ကျော်ကြာကျင်းပမည်ဟုပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC)မှအတွင်းရေးမှူးဖြစ်သူစိုင်းကျော်ညွန့်ကမိဇ္ဈိမသို့ပြောခဲ့သည်။



ဇန်နဝါရီလ(၅)ရက်နေ့တွင်ကျင်းပခဲ့သည့် UPDJC အတွင်းရေးမှူးအဖွဲ့အစည်းအဝေးတွင်လက်ရှိအစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအတွင်းနိုင်ငံရေးဆွေးနွေးမှုအတွက်အစီအစဉ် များကိုဝန်ကြီးဦးအောင်မင်းနှင့်ငြိမ်းချမ်းရေးဆွေးနွေးသူများကတင်ပြဆွေးနွေးခဲ့ကြသည်ဟုဧင်းကထပ်ပေါင်းပြောကြားခဲ့သည်။

UPDJC အတွင်းရေးမှူးအဖွဲ့ကနိုင်ငံရေးဆွေးနွေးပွဲကျင်းပနိုင်ရေးအတွက်ဦးဆောင်လုပ်ငန်းများကိုဆောင်ရွက်ခြင်းဖြစ်ပြီးအတွင်းရေးမှူးအဖွဲ့အစည်းအဝေးကိုဇန်နဝါရီလ(၅)ရက်မှ(၇)ရက်နေ့အထိရန်ကုန်ရှိမြန်မာ့ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးဗဟိုဌာန(MPC)တွင်ပြုလုပ်နေခြင်းဖြစ်သည်။

အတွင်းရေးမှူးအစည်းအဝေးပြီးဆုံးပြီးပါကအစည်းအဝေးတွင်ဆွေးနွေးထားသည့်အကြောင်းအရာများကိုဆုံးဖြတ်မည့် UPDJC အစည်းအဝေးကိုနေပြည်တော်တွင်ဇန်နဝါရီလ(၉)ရက်နှင့်(၁၀)ရက်နေ့တွင်ပြုလုပ်ရန်လျာထားသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကိုနေပြည်တော်၌ဇန်နဝါရီလ(၁၂)ရက်နေ့မှ(၁၆)ရက်နေ့အထိကျင်းပပြုလုပ်မည်ဖြစ်သည်။

**Link :** http://www.mizzima.com/news-domestic/thein-sein-government-will-hold-political-dialogue-over-five-days

**<u>ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင်ကဏ္ဍကြီး(၅)ရပ်ကိုအဓိကထားဆွေးနွေးမည်</u>**

The Global New Light of Myanmar, 6 January 2016

ယမန်နေ့ကမြန်မာ့ငြိမ်းချမ်းရေးစင်တာ(MPC)တွင်ပြုလုပ်သည့်ကြိုတင်ပြင်ဆင်မှုအတွက်နှစ်ရက်တာအစည်းအဝေးနောက်ဆက်တွဲအရနိုင်ငံ၏ပထမဦးဆုံးအကြိမ်နိုင်ငံရေးဆွေးနွေးပွဲတွင်ကဏ္ဍကြီး(၅)ရပ်ကိုပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင်တက်ရောက်ဆွေးနွေးရန်အတွက်အတွင်းရေးမှူးအဖွဲ့များမှသဘောတူညီခဲ့ကြသည်။

ဆွေးနွေးမည့်ကဏ္ဍကြီး(၅)ရပ်မှာနိုင်ငံရေးဆိုင်ရာအကြောင်းအရာများ၊စီးပွားရေးဆိုင်ရာအကြောင်းအရာများ၊လူမှုရေးဆိုင်ရာအကြောင်းအရာများ၊လုံခြုံရေးဆိုင်ရာအကြောင်းအရာများ၊မြေနှင့်သဘာဝသံယံဇာတအရင်းအမြစ်ဆိုင်ရာများစသည်တို့ဖြစ်သည်။ပါဝင်သည့်အဖွဲ့အစည်းများသည်ဆွေးနွေးပွဲတွင်ကြိုတင်ပြင်ဆင်ရန်အတွက်နှစ်ရက်တာကြိုတင်အစည်းအဝေးပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်းမြန်မာ့ငြိမ်းချမ်းရေးစင်တာ MPC မှပရိုဂရမ်ဒါရိုက်တာတစ်ဦးဖြစ်သူဦးအောင်နိုင်ဦးကပြောခဲ့သည်။



ဦးအောင်နိုင်ဦး၏ပြောကြားချက်အရဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုထူထောင်ခြင်းခေါင်းစဉ်ကိုနိုင်ငံရေးဆိုင်ရာအကြောင်းအရာအောက်တွင်ထားရှိဆွေးနွေးမည်ဖြစ်ပြီးပြည်တွင်းနေရပ်စွန့်ခွာထွက်ပြေးသူများအကြောင်းကိုလူမှုရေးဆိုင်ရာခေါင်းစဉ်အောက်တွင်ထားရှိဆွေးနွေးသွားမည်ဖြစ်သည်။

**Link :** http://issuu.com/myanmarnewspaper/docs/7_jan_16_gnlm

## တရားဥပဒေနှင့်အုပ်ချုပ်မှု

**<u>ဖေဖော်ဝါရီလ(၁)ရက်နေ့စတင်မည့်လွှတ်တော်သစ်တွင်ပါဝင်လာမည့်ဒေါ်အောင်ဆန်းစုကြည်ပါတီ</u>**

South China Morning Post, 6 January 2016

အနိုင်ရပါတီဖြစ်သည့်ဒေါ်အောင်ဆန်းစုကြည်ပါတီမှအဖွဲ့ဝင်များသည်ဖေဖော်ဝါရီလ(၁)ရက်နေ့တွင်လွှတ်တော်၌စတင်တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်းမြန်မာ့ပြောရေးဆိုခွင့်ရှိသူမှဗုဒ္ဓဟူးနေ့တွင်ပြောကြားခဲ့သည်၊စစ်အုပ်ချုပ်ရေးအောက်၌ရာစုနှစ်များစွာကျရောက်ခဲ့ပြီးနောက်နိုင်ငံအတွက်ခေတ်သစ်ကိုစတင်လာနေခြင်းဖြစ်သည်။



လွှတ်တော်၏ပြောရေးဆိုခွင့်ရှိသူဦးရွှေမန်း၏ကြေငြာချက်၌လွှတ်တော်ကိုယ်စားလှယ်အားလုံးသည် ၂၀၁၆ခုနှစ်၊ဖေဖော်ဝါရီလ(၁) ရက်နေ့၊မနက်(၁၀)နာရီအချိန်တွင်လွှတ်တော်သစ်သို့စတင်တက်ရောက်ကြရမည်ဖြစ်ကြောင်းထုတ်ပြန်ကြေငြာခဲ့သည်။

သို့သော်လည်းခက်ခဲရှုပ်ထွေးမှုရှိသောနိုင်ငံရေးစနစ်အောက်တွင်အစိုးရသစ်သည်လုပ်ငန်းတာဝန်များကိုဖြည်းဖြည်းချင်းလွှဲပြောင်းယူဆောင်သွားမည်ဖြစ်သည်၊မတ်လ(၃၁)ရက်နေ့တွင်လက်ရှိအစိုးရဖြစ်သောသမ္မတဦးသိန်းစိန်အစိုးရတာဝန်ပြီးဆုံးမှသာဖြစ်ပေါ်လုပ်ဆောင်နိုင်မည်ဖြစ်သည်။

**Link :** http://www.scmp.com/news/asia/southeast-asia/article/1898412/aung-san-suu-kyis-victorious-nld-party-will-join-parliament

## စီးပွားရေးနှင့်ဖွံ့ဖြိုးတိုးတက်မှု

### ADB-Japan စီမံကိန်းမှမွန်ပြည်နယ်ရှိစီးပွားရေးလုပ်ငန်းများကိုကူညီမည်

Myanmar Times, 23 December 2015

ADBကဆင်းရဲမွဲတေမှုအခြေအနေလျော့ချရေးအတွက်ဂျပန်ရန်ပုံငွေမှဒေါ်လာ(၃)သန်းကိုပေးအပ်မည်ဖြစ်သည်။ စီမံကိန်းအားမွန်ပြည်နယ်မြို့နယ်(၄)မြို့နယ်ဖြစ်သည့်ချောင်းဆုံ၊ကျိုက်ထို၊မော်လမြိုင်နှင့်မုဒုံမြို့နယ်တို့၌ဝင်ငွေများတိုးလာစေရန်နှင့်အသေးစားစီးပွားရေးလုပ်ငန်းများနှင့်စီးပွားရေးလုပ်ငန်းများအတွက်အလုပ်အကိုင်အခွင့်အလမ်းများတိုးလာစေရန်အတွက်ရည်ရွယ်သည်။




စီမံကိန်းသည်မြို့နယ်(၄)မြို့နယ်ရှိကျေးရွာ(၁၂)ရွာတစ်လျှောက်ရှိအိမ်ထောင်စု(၉၀၀)အတွက်စီးပွားရေးအခွင့်အလမ်းများကိုပံ့ပိုးကူညီပေးရန်ရည်ရွယ်သည်ဟုADBကပြောကြားခဲ့သည်။စီမံကိန်း၏(၆၀)ရာခိုင်နှုန်းသည်အမျိုးသမီးများအတွက်အကျိုးခံစားရရှိမည်ဖြစ်သည်။ဦးမင်းနွယ်စိုးကပြည်နယ်၏စီးပွားရေးလုပ်ငန်းအသိုင်းအဝိုင်းတွင်အမျိုးသမီးများ၏ပါဝင်မှုသည်အမျိုးသားများထက်နည်းနေသေးကြောင်းနှင့်စီမံကိန်းသည်အမျိုးသမီးများအားစီးပွားရေးလုပ်ငန်းများတွင်ပါဝင်လာစေရန်အတွက်အကူအညီပေးလိမ့်မည်ဖြစ်ကြောင်းပြောခဲ့သည်။

ADBကူညီမှုနှင့်အတူအစိုးရနှင့်ဒေသတွင်းအသိုင်းအဝိုင်းမှလည်းဒေါ်လာ(၄၅၀,၀၀၀)နှင့်ညီမျှသည့်အကူအညီများပံ့ပိုးပေးမည်ဖြစ်သည်။စီမံကိန်းအားလေးနှစ်ခန့်လည်ပတ်ဆောင်ရွက်မည်ဖြစ်ပြီး၂၀၁၉ခုနှစ်ဒီဇင်ဘာလအကုန်ပိုင်းတွင်အပြီးသတ်ရန်မျှော်မှန်းထားသည်။

**Link :** http://www.mmtimes.com/index.php/business/18267-adb-japan-project-to-help-mon-state-s-entrepreneurs.html

## အခြား

### တောင်ကိုရီးယားမှရွှေ့ပြောင်းစမ်းသပ်အစီအစဉ်အဖြစ်ဒုက္ခသည်များကိုဦးဆုံးအကြိမ်လက်ခံ

UNHCR, 23 December 2015

ကိုရီးယားလူမျိုးများအကြောင်းအားရုပ်မြင်သံကြားများနှင့်စာအုပ်များမှတဆင့်လေ့လာခြင်းသည်၎င်းတို့အသိုင်းအဝိုင်းတွင်ဝင်ရောက်နေထိုင်ရန်အတွက်အထောက်အကူဖြစ်စေသည်။



နိုင်ငံ၏ပြန်လည်နေရာချထားရေးသုံးနှစ်ရွှေ့ပြောင်းစမ်းသပ်အစီအစဉ်တွင်မယ်လဒုက္ခသည်စခန်းနှင့်အုန်း ဖြန်ဒုက္ခသည်စခန်းမှမြန်မာဒုက္ခသည်(၂၂)ဦးပါဝင်သည့်အုပ်စုသည့်နွေးထွေးသည့်ကြိုဆိုမှုများနှင့်အပြုသဘောဆောင်မှုများစတင်ရရှိရန်အတွက်ဗုဒ္ဓဟူးနေ့တွင်ကိုရီးယားပြည်ထောင်စုသမ္မတနိုင်ငံသို့အခြေချခဲ့သည်။

မိသားစု(၄)စုသည်၎င်းတို့၏ဘဝများကိုတောင်ကိုရီးယား၊ အင်ချွန်းရှိလူဝင်မှုကြိုဆိုလက်ခံရေးစင်တာတွင်စတင်ကြမည်ဖြစ်ပြီးကိုရီးယားဘာသာစကား၊ ယဉ်ကျေးမှုနှင့်အလုပ်အကိုင်ကျွမ်းကျင်မှုများစသည်တို့၏အခြေခံသင်ရိုးများကိုသင်ယူရန်အတွက်ထိုနေရာတွင်(၆)လမှ(၁၂)အထိနေထိုင်ရမည်ဖြစ်သည်။ဆိုးလ်မြို့နှင့်ဘေးချင်းကပ်လျက်တည်ရှိသည့်ဂျီယွန်ဂျီးခ

ရိုင်တွင်၎င်းတို့နေထိုင်ရန်အလားအလာရှိကြောင်းတရားရေးဝန်ကြီးဌာနမှပြောကြားခဲ့သည်၊အဘယ့်ကြောင့်ဆိုသော်ထိုဒေသတွင်မြန်မာအသိုင်းအဝိုင်းနေထိုင်နှင့်နေပြီဖြစ်သောကြောင့်ဖြစ်သည်။

"ကမ္ဘာအနှံ့ရှိအခြားနေရာဒေသများနှင့်အဓိကကျသည့်အရေးပေါ်နေရာများရှိဒုက္ခသည်များအတွက်တောင်ကိုရီးယားမှ၎င်းတို့၏ပြန်လည်နေရာချထားရေးအစီအစဉ်ကိုတဖြည်းဖြည်းနဲ့တိုးချဲ့လာလိမ့်မယ်လို့ UNHCR ကမျှော်လင့်ပါတယ် "ဟု Hebecke မှပြောကြားခဲ့သည်။

**Link :** http://www.unhcr.org/567a73aa6.html

The content of the UNHCR Thailand Media Monitoring Reports does not reflect the official view or opinion of the UNHCR.

**Links:** Thailand-Myanmar Cross Border Web Portal: www.commonservice.info
Facebook: www.facebook.com/commonservice
www.facebook.com/commonserviceburmese
www.facebook.com/commonservicekaren